mgyoe.com



ဝင်းမြင့်

# မြို့ကြီးသူသို့ကဗျာများ

mgyoe.com

mgyoe.com

POEM0080
2,000.00 KS

mgyoe.com

မြို့ကြီးသူသို့ ကဗျာများ။ ဝင်းမြင့်
မျက်နှာဖုံးပန်းချီ- ဝင်းဖေမြင့်
စာမျက်နှာ ၇၈ မျက်နှာ၊ ၁၃.၂ စင်တီ × ၁၉.၄ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

## မာတိကာ

၁။ ကဗျာတစ်စ . . . . . . . . . . . ၁
၂။ လမ်း . . . . . . . . . . . ၂
၃။ နိမိတ်ပုံ . . . . . . . . . . . ၃
၄။ ဆိပ်ကမ်း . . . . . . . . . . . ၄
၅။ တစက်စက် . . . . . . . . . . . ၅
၆။ အရှုံးရာ . . . . . . . . . . . ၆
၇။ လူကြီး . . . . . . . . . . . ၇
၈။ တိုက်ပွဲ . . . . . . . . . . . ၈
၉။ အိမ်ကွင်း . . . . . . . . . . . ၉
၁၀။ ကစားပွဲများ၌ . . . . . . . . . . . ၁၀
၁၁။ ဖွင့်ပွဲ . . . . . . . . . . . ၁၁
၁၂။ စွဲလမ်းစွာ ဖုန်တွေတက် . . . . . . . . . . . ၁၂
၁၃။ ဘဝပေးများ . . . . . . . . . . . ၁၃
၁၄။ အင်းလေး . . . . . . . . . . . ၁၄
၁၅။ မြေအောက်ခန်း . . . . . . . . . . . ၁၅
၁၆။ ရေနက်ထဲ မဆင်းပါနဲ့ . . . . . . . . . . . ၁၆

mgyoe.com

mgyoe.com

၁၇။ အိပ်မက်တစ်ခြမ်း . . . . . . . . . . . ၁၇
၁၈။ ရေစီးသံ . . . . . . . . . . . ၁၈
၁၉။ တိတ်တခိုး . . . . . . . . . . . ၁၉
၂၀။ ကြွေကြွေလေး . . . . . . . . . . . ၂၀
၂၁။ နေ့သစ်များ . . . . . . . . . . . ၂၁
၂၂။ လမ်းမှတ်တမ်း . . . . . . . . . . . ၂၂
၂၃။ အခန်းဆက် . . . . . . . . . . . ၂၃
၂၄။ ကွေကွင်းအောင်လုပ်သူများ . . . . . . . . . . . ၂၄
၂၅။ ယုံကြည်မှု . . . . . . . . . . . ၂၅
၂၆။ မြေ . . . . . . . . . . . ၂၆
၂၇။ သခင် . . . . . . . . . . . ၂၇
၂၈။ စစ်ခြင်း . . . . . . . . . . . ၂၈
၂၉။ လှိုင်း . . . . . . . . . . . ၃၀
၃၀။ စက္ကူလှေ . . . . . . . . . . . ၃၁
၃၁။ ရေငတ်ဖြေကဗျာ . . . . . . . . . . . ၃၂
၃၂။ ကမ်းပြိုကြီး . . . . . . . . . . . ၃၃
၃၃။ ရွာသူမကြီးရဲ့တေး . . . . . . . . . . . ၃၄
၃၄။ စိတ်ကူး . . . . . . . . . . . ၃၅
၃၅။ ကဗျာ့ကမ္ဘာ . . . . . . . . . . . ၃၆
၃၆။ လပြည့်တပေါင်း . . . . . . . . . . . ၃၇
၃၇။ အရိပ် . . . . . . . . . . . ၃၈
၃၈။ ဝေစုအကြွင်း . . . . . . . . . . . ၃၉
၃၉။ အယှိအပေါက်များ . . . . . . . . . . . ၄၀
၄၀။ ပုံပြင် . . . . . . . . . . . ၄၁

mgyoe.com

mgyoe.com

၄၁။ သံသရာလှဲ့လှဲ့ဝိုင်း သို့ . . . . . . . . . . . ၄၂
၄၂။ အတိတ်ဟာ တိတ်တိတ်ဆိတ်ဆိတ်ရှိနေခြင်း . . . . . . . ၄၃
၄၃။ စင်ကြယ်သော ကြယ်စင်များအကြောင်းတိုက်ဆိုင်ခြင်း . . . ၄၄
၄၄။ သင်ခန်းစာ . . . . . . . . . . . ၄၆
၄၅။ ပြက္ခဒိန်ထဲက အိပ်မက်များ . . . . . . . . . . . ၄၇
၄၆။ ရေတံခွန် . . . . . . . . . . . ၄၈
၄၇။ ချောင်းမြောင်းများ . . . . . . . . . . . ၄၉
၄၈။ မိုးတိတ်တေး . . . . . . . . . . . ၅၀
၄၉။ ဩော်... . . . . . . . . . . . ၅၁
၅၀။ ဆိပ်ကမ်းမြို့ . . . . . . . . . . . ၅၂
၅၁။ ရင်ဘတ်ကြီး . . . . . . . . . . . ၅၃
၅၂။ ထိုင်ခုံ . . . . . . . . . . . ၅၄
၅၃။ ကမ်းရိုးတန်းတေးသွား . . . . . . . . . . . ၅၅
၅၄။ မြစပယ် . . . . . . . . . . . ၅၆
၅၅။ လူများ . . . . . . . . . . . ၅၇
၅၆။ အစားထိုးသော ကာဘော်လစ်နီနီ . . . . . . . . . . . ၅၈
၅၇။ မပြီးသေးတဲ့ကဗျာ . . . . . . . . . . . ၆၀
၅၈။ အမြစ်စွဲလမ်းခြင်း . . . . . . . . . . . ၆၁
၅၉။ နေမထွက်ခင် . . . . . . . . . . . ၆၂
၆၀။ မြို့ကြီးသူသို့ . . . . . . . . . . . ၆၃
၆၁။ မျက်လှည့် . . . . . . . . . . . ၆၄
၆၂။ လူ့ဘဝအလွမ်းအမော . . . . . . . . . . . ၆၅
၆၃။ နှစ်ယောက်တည်းအရောင် . . . . . . . . . . . ၆၆
၆၄။ ပြက္ခဒိန်တည့်တည့် နေ့တစ်နေ့ . . . . . . . . . . . ၆၇

mgyoe.com

mgyoe.com

၆၅။ တစ်ဦးနဲ့တစ်ဦး တစ်ကောင်မှတစ်ယောက်
အိမ်အပြန်လမ်းတွေ ခပ်သောက်လိုက်ပါကွဲ့ . . . . . . ၆၈
၆၆။ မိုးတိတ်သောအခါ . . . . . . . . . . . ၆၉
၆၇။ အေး . . . . . . . . . . . ၇၀
၆၈။ ညီမျှခြင်း . . . . . . . . . . . ၇၁
၆၉။ ပိုက်ကွန်ထဲ . . . . . . . . . . . ၇၂
၇၀။ အကြောအခြင်များထဲ . . . . . . . . . . . ၇၃
၇၁။ ညအိပ်ချိန်မှတ်မိသောကဗျာများ . . . . . . . . . . . ၇၄
၇၂။ ပြဒါးဖမ်းခြင်း . . . . . . . . . . . ၇၅
၇၃။ မတော်တဆထိတွေ့မှု . . . . . . . . . . . ၇၆
၇၄။ အတွင်းကျကျနေရောင် . . . . . . . . . . . ၇၇
၇၅။ ဖြုတ်ချခဲ့ . . . . . . . . . . . ၇၈

□

mgyoe.com

mgyoe.com

## ကဗျာတစ်စ

နောက်ထပ်တာတွေကျိုးပြီး
ရေလွှမ်းတဲ့နှစ်ပဲ

သူလည်း မြှုပ်ချည် ပေါ်ချည်
ကျနော်လည်း လှေခွက်ချည်းကျန်

ဒါကို ပြန်တွေးတာတောင်
အသံက နေဝင်သလို ကွယ်ချင်ရဲ့

စာလုံးတွေကတော့
သင် နားဆင်ဖို့ပေါ့။ ။

mgyoe.com

mgyoe.com


# လမ်း

လမ်းတွေက ကျယ်လာတော့
ငါ့အပေါ် အမြင်ကျဉ်းမှာလည်း စိုးပါတယ်။

တရားမျှတသော သောကဆိုတာ
စိန်ပန်းတွေ စပွင့်တဲ့နေ့ကပေါ့။

အခု ငါ့အရိပ်ကို ငါစောင့်ခေါ်နေရတယ်
မပျော်လို့ပြောတာ မဟုတ်ဘူး
ပျော်ကို မပျော်လို့။

ဒီနေရာမှာ
တခြားလူတစ်ယောက်ဆိုရင်
ကားကို အပြင်းမောင်းသွားမှာပဲ
ဆိုင်ကယ်ကို လူမမြင်နိုင်တဲ့အရှိန်နဲ့ တက်မှာပဲ။

ပြဿနာပဲ။ ။

mgyoe.com

mgyoe.com


# နိမိတ်ပုံ

မင်းထားခဲ့တဲ့နေရာမှာ
ငှါ့အရိပ်ကလဲလို့
ငါကရပ်လို့။

တစ်ခုရှိတာက
လဲကျနေတဲ့ ငှါ့အရိပ်ပေါ်က
သစ်ကိုင်းဟာ
ရွက်သစ်တွေ ဝေပြီး
ပုရစ်တွေ ဖူးလို့။

ရပ်နေတဲ့ ငါက
ဘာရယ်မဟုတ် ငေးကြည့်လို့။

ဒီလောက်ပါပဲ။ ။

mgyoe.com

mgyoe.com


# ဆိပ်ကမ်း

မြစ်ကို ဘယ်သူက ပေးလို့
ဒီမြို့က ရခဲ့တာလဲ။

တွေးပေမယ့် ရှေ့မမီ နောက်မမီ
မမီတော့လည်း နောက်သင်္ဘောတစ်စင်းပေါ့။

ပင်လယ်ဆီသွားမယ့်
ညသင်္ဘော
တူ တူ ဘော်။ ။

mgyoe.com

# တစက်စက်

တိတ်ဆိတ်မှုနဲ့ခံနိုင်ရည်ကို ခုခံထားရတဲ့အခါ
သစ်ရွက်တွေ ကြွေတာကို လမ်းကမေ့နေတာပဲ
လေကြမ်းတွေတိုးလာတိုင်း ပြတင်းတွေထပိတ်ထားရတယ်

မမက်သေးတဲ့ အိပ်မက်တွေပဲ
ခလုတ်မဖြုတ်ရသေးတာ ရှိမယ်
ပြီးခဲ့သမျှတွေက မက်တိုင်းရခဲ့
သေပြီးတာတောင် ရှင်ဖို့ပြန်ခေါ်လာသလိုမျိုး။

အခု မိုးရွာထဲ ငိုဖို့ကြံတာပဲ
ဒဏ်ရာကိုတော့ မရှိခဲ့ပါဘူး။ ။

mgyoe.com

mgyoe.com


## အရှိုးရာ

အောင်မြင်မှု ကင်းစင်နယ်မြေမှာ
အောင်ခြင်းအလံ သွားစိုက်မိတဲ့ကဗျာ
မနာပဲ ရှိပါ့မလား။ ။

mgyoe.com

mgyoe.com


# လူကြီး

ကိုယ် လူကြီးမလုပ်ရရင်
လူတွေကို လိုက်ရှောက်တွန်းမယ်ဆိုတဲ့
ကျနော်တို့ရပ်ကွက်
မြောင်းဖော်နေပါပြီတဲ့။ ။

mgyoe.com

mgyoe.com


# တိုက်ပွဲ

သူက ကွေ့မယ်ဆိုတော့
ရှောင်ပြီး ရပ်ထားရုံပေါ့။
　　အခုက ဖြောင့်ဖြောင့်ကြီးသွားမယ်ဆိုပြီး
　　ကွေ့လိုက်တာပဲ။
အဲဒီတော့လည်း မျက်နှာချင်းဆိုင်
တိုက်ရုံပဲ
မင်း ဘာလဲ
ငါ ဘာလဲ။
　　တကယ့်အဖြစ်မှာ ပွတ်ကာသီကာ ရှောင်သွား
　　ကျနော့်မှာ နှစ်ရှည်လများ စောင့်စား။ ။

mgyoe.com

mgyoe.com


# အိမ်ကွင်း

စားပေါက်ခန်းတွေမှာ ဝင်ရပ်ပေးသူပဲ
တကယ်လည်း လက်မောင်းမှာသတ္တိနဲ့
မျက်လုံး စုံမှိတ်ထားဖို့ပဲတဲ့။
ချည့်နဲ့နဲ့ ကော်ဇောပေါ်မှာ
ယုတ္တိနဲ့ ချိတ်ထားတဲ့ ဒူးနှစ်ချောင်းပေါ်မှာ
သင်္ကေတမပါတဲ့ အနမ်းအရှုပ်မှာ
လူတိုင်းက ကိုယ့်ကိုယ်ကို မှတ်တင်ထားတဲ့တောင်ခြေမှာ
အဲဒီ ဂဏန်းတွေအားလုံး တွင်းထဲပြန်ဝင်သွားကြတယ်။
အခုတော့ သောင်စပ်
မေးခိုင်ပိုး
တယောထိုး လေ့ကျင့်ခြင်း
သူ့အချိန်ဇယားနဲ့သူ
ရှက်ရွံ့ခန်းတွေ မပါတော့ချေ။
ပွင့်ပွင့်လင်းလင်းပဲ
သေတ္တာကို မှောက်ပြခြင်းထဲမှာ
ခလေးဆော့တဲ့ လေယာဉ်ပျံ။ ။

mgyoe.com

mgyoe.com


# ကစားပွဲများ၌

နာလွန်းလို့
မအော်တဲ့ နောက်ထပ်နွေရက်များနဲ့ တွန့်လိပ်နေတဲ့အခါ။

နောက်ထပ်သည်းခံပါ
ကျနော်တို့ရဲ့ ခြေဦးတည့်ရာ လိပ်စာ။

ငါများစွာမှ
ဖုံထူသော စားပွဲများ
အရည်ကြိုများ
ဗန်းတင်များ
အသစ်စက်စက် နောက်ကျနေခြင်းများ။

နေရာလပ်မရှိအောင်
ချောင်ကျနေတဲ့ အတိအကျများ။ ။

mgyoe.com

mgyoe.com


## ဖွင့်ပွဲ

တို့မြက်ခင်းတွေ နွားစားသွားပြီးနောက်
မြက်ခင်းတုကွင်းတွေ ရောက်လာ
ဘယ်လောက် ပျော်စရာကောင်းသလဲ
စိမ်းနေတာပဲ။

ဖွင့်ပွဲမှာ
ဓာတ်ဘောလုံးတွေကို ဝါးစားပစ်လိုက်တယ်။ ။

mgyoe.com

mgyoe.com


# စွဲလမ်းစွာ ဖုန်တွေတက်

အရေပြားပေါ်မှာ
သူ့ထားသွားတဲ့မှတ်တိုင်က ပြာလဲ့လဲ့
မီးတောက်ကလေးရဲ့ ဘယ်ညာဝန်းကျင် ယိမ်းလှုပ်မှုကြောင့်
စွဲလမ်းတကြီး ဆေးလိပ်တွေအသံပြာလို့
နွေရက်များ
ယုတ္တိရှိပုံဟာ
ကျောက်ရုပ်လိုပဲ။

ငါ့စိတ်တွေ
ကျောက်စိုင်ကျောက်ခဲ။ ။

mgyoe.com

mgyoe.com


## ဘဝပေးများ

အောက်သားက
တောင်ပေါ်မှာ မိုးမိတယ်။

ဖက်ဆွတ်မိုးက
မြေသင်းနံ့နဲ့ တောင်ခိုးဝေဆဲ။

လယ်ကန်သင်းက
မြေအက်ကြားနဲ့ မိုးမျှော်မြဲ။

တောင်ပေါ်က မီးခိုးနဲ့
တောင်အောက်က မီးခိုး
ထမင်း တစ်အိုးတည်း။ ။

mgyoe.com

mgyoe.com


## အင်းလေး

တောင်ပင်လယ်
ရေပင်လယ်
ငှက်က
စက်ထက် မြန်သည်။

တင်ကျီး ဖြစ်သည်
ဗျိုင်း ဖြစ်သည်။

ဖြူသည်
မည်းသည်
ဝမ်းစာသည်။ ။

mgyoe.com

mgyoe.com


## မြေအောက်ခန်း

စိတ်ထင်ရာ လေမှာလွင့် လျှောက်ချင်မိသူ
ရော်ဝါရွက် တိမ်ဖျားထက် အသိုက်အမြုံမဲ့။

အက်သော ရယ်သံများ မထားခဲ့နိုင်
ပို၍ မြိုင်ဆိုင်သော မျက်ရည်များသီးလို့။

ဖုန်များရဲ့ ပြက်ရယ်ပြုသံ
မှန်ပေါ်မှာ တင်ကျန်ညှိစို့ရစ်တယ်။

ဆူးကို ခါထုတ်ပြီး
ကျွန်ုပ် နှင်းဆီမဖြစ်လို့။ ။

၂၁၊ ဧပြီ၊ ၂၀၁၉။

mgyoe.com

mgyoe.com


# ရေနက်ထဲ မဆင်းပါနဲ့

အတိတ်က ရယ်စရာတွေဟာ
ငိုပြီးရပ်နေခဲ့။

ဘယ်ဘက်မှ လှည့်လို့မရ
မပျော်စရာတွေက ရှုတတ်တယ်။

ဘဝဆိုတာ
အကောင်ကြီးမှ မဟုတ်ပါဘူး
ကြီးတော့လည်း ပစ်ရတာ မလွဲဘူးပေါ့။

သစ်သီးတွေ ဘာတွေ
လာခွဲမနေနဲ့
ကျောက်ခဲနဲ့ သလဲပဲ။

mgyoe.com

mgyoe.com

# အိပ်မက်တစ်ခြမ်း

ဒီနေ့ မဟုတ်ဘူး
အခုတွေ့နေကြတာ မနေ့က
အဖြစ်အပျက်တွေအားလုံး
မနက်ဖြန်မှာ စုပုံနေကြတယ်။ ။

၂၄၊ ဧပြီ၊ ၂၀၁၉။

mgyoe.com

mgyoe.com


## ရေစီးသံ

သူတို့စီးမံခဲ့တဲ့ အတိုင်းလေ
မြစ်ရေက အစုန်အဆန် မရှိတော့ဘူးလို့ထင်ရတယ်။

အမေက
"ဟဲ့ အငယ်ကောင် တိုးတိုး" တဲ့။

အဖေက ညရောက်ရင်
မြစ်ရေကို ဆန်တိုးပြီး
အဲဒီတာရိုးကို
တက်ကျိုးနဲ့ သွားထိုးပြီး
ရေစိမ့်စေတာမျိုး။ ။

mgyoe.com

mgyoe.com


# တိတ်တခိုး

သစ်ရွက်က ကြွေမယ်ကြံတော့
သစ်ကိုင်းက လှမ်းဆွဲထားတယ်။

ဝရန်တာကနေ
လဆီ ငါလှမ်းတက်လိုက်သလိုမျိုး။ ။

mgyoe.com

mgyoe.com


# ကြွေကြွေလေး

အသံယှဲ့ယှဲ့လေးထဲက
နာနတ်သီး သီးခဲ့တယ်။

ဆူးတွေကို
မအော်ငေါက်လိုက်ပါနဲ့။

အခွံရဲ့ အိမ်ကြီးထဲမှာ
သူမရဲ့ သရဲတွေအများကြီး။

ငါ့မှာ
ချစ်မိနေပြီ ဖြစ်သဖြင့်။ ။

mgyoe.com

mgyoe.com

## နေ့သစ်များ

စာလုံးတွေက ရေစိုပြီး တွဲလောင်းကျ
ဘဝအခိပ္ပာယ်က မငိုပါနဲ့။

ပိုနေတဲ့ ၂၄ နာရီတွေ
နှစ်ပိုင်းခွဲ
သစ်ကိုင်းတစ်ဝက် သစ်မြစ်မှာတစ်ဝက်။

စိတ်ထဲမှာ အက်သံတွေကြားနေရတယ်
အပြင် အမြန်ထွက်ကြည့်တော့လည်း
ကောင်းကင်ကြီးနှစ်ခု ပြန်ဆက်နေတယ်။ ။

mgyoe.com